
Tae Ra
ချစ်စိတ်လေးတွေ မူးမွှင့်စေ
(ရှီလော့စန်း)
စာစဉ် - ၄

# အခန်း ၁၆၁

## မဟုတ်မမှန်ပြောဆိုမှုအတွက် တရားစွဲမယ်

တစ်ခဏတာ ရပ်သွားပြီနောက် ချန်ရှီးက ဆက်ပြောသည်။

"မနေ့ညက ဆယ့်တစ်နာရီမှာဖြစ်ခဲ့တဲ့အတွက် လူတော်တော်များများ က WeChatနဲ့ ဖိုရမ်တွေကနေ လော့စန်း ပိုက်ဆံခိုးသွားတယ်ဆိုပြီး ကြားပြီး ကြပြီ လော့စန်းရည်းစားက တချို့လူတွေ သူမအပေါ် တမင်ချောက်ချတယ် ထင်လို့ လွှန်ခဲ့တဲ့၁နာရီက ရဲခေါ်ပြီးပြီ၊ အခု ကောလာဟလတွေကို ဖြန့်တဲ့ အကောင့်ပိုင်ရှင်က နီမြောင်ဆိုတဲ့ နင်ဖြစ်ကြောင်း ရဲတွေသိပြီးပြီ"

ထိုသို့ကြားပြီးနောက် ဒါရိုက်တာရှီက သူ့မျက်ဝန်းများကို နီမြောင်နှင့် ဟဲ့ရှယီဆီ တဖြည်းဖြည်း အကြည့်ရွှေ့လိုက်သည်။ သူက မျက်မှောင်ကြုတ်လိုက်၏။

နီမြောင်က အေးဆေးတည်ငြိမ်စွာနေနိုင်သော်ငြား ဟဲ့ရှယီမျက်နှာမှာ စတင်ဖြူဖျော့လာသည်။

လော့စန်းမှာ အရင်ကတော့ ချန်ရှီးကို အတော်လေး မယုံခဲ့သော်ငြား အခု တော့ မှင်တက်သွားလေသည်။ ပုံမှန်ဆို ချန်ရှီးက အားကိုးမရသည့်ပုံ အနည်းငယ် ပေါက်သော်ငြား အမှုတစ်ခုဖြေရှင်းချိန် သူမက တရားရုံးထဲက ရှေ့နေတစ်ယောက်ပမာဖြစ်သွားသည်။

သူမကိုပိုပြီး အံ့ဩစေသည်က တစ်စုံတစ်ယောက် သူမအား မဟုတ်မမှန် စွပ်စွဲဖို့ကြိုးစား၍ ရဲတကယ်ခေါ်ဆိုခဲ့သည်ကိုပင်။ သူမလုံးဝကိုမတွေးတတ်

ပေ။

သူမ တိတ်တဆိတ် သူ့ဘက်လှည့်ကြည့်လိုက်ပေမဲ့ သူက သူမအကြည့်ကို အာရုံမခံမိပေ။ သူက သူ့ပြီးပြည့်စုံလှသော နှုတ်ခမ်းများကို အပြုံးအဖြစ် အနည်းငယ်ကော့တက်လိုက်ပြီး ပြောလိုက်သည်။

"မဒမ် အခု မင်းပေးတဲ့အချက်အလက်နဲ့ဆို ငါ ဒီနှစ်ယောက်ကို မဟုတ်မမှန်စွပ်စွဲခြင်းနဲ့ အသရေဖျက်မှုအတွင် တရားစွဲဖို့ ရှေ့နေလွှတ်လိုက်ရင် မင်းတရားဝင်အမှုဖိုင်တွဲစလို့ရလား"

"ရတာပေ့ါ ရှင် အလုပ်ရှုပ်ရတာစိတ်ထဲမထားဘူးဆိုရင် ရှင့် ရည်းစားရဲ့ ပိုက်ဆံအိတ်ကို လက်ဗွေရာစစ်ဖို့အတွက် ပိုက်ဆံပိုသုံးလို့ရတယ် ဒီနှစ်ယောက်ရဲ့...လက်ဗွေရာလို..မျိုးပေ့ါ"

ချန်ရှီးက ပခုံးတွန့်လိုက်သည်။

ဟဲ့ရယီက တုန်ယင်သွားကာ ကြမ်းပြင်ပေါ်လဲကျလုနီးပါးဖြစ်သွာယသည်။ ချန်ကျွင်းထင်က သူမကို သိမ်မွေ့စွာကြည့်ရင်း ဆက်ပြောသည်။

"ငါတို့ တကယ် တရားစွဲရတော့မယ်ဆိုရင် မိန်းကလေးဟဲ့ မင်းအတွက် စိတ်မကောင်းစရာပဲ၊ လော့စန်းသာ နိုင်ရင် မင်းက အမှုထိန်ချန်မှု၊ တရားမျှတမှုကို တားဆီးမှုနဲ့ အစွဲခံရမှာ အဲဒါက မင်းအနာဂတ် အလုပ်အကိုင်အတွက် ဆိုးရွားတဲ့အကျိုးသက်ရောက်မှုရှိစေလိမ့်မယ်၊ နီမြောင်နိုင်ရင်တော့ သူက အကြီးမားဆုံးအကျိုးအမြတ်ရသူဖြစ်မယ် မင်းကတော့ ဒီကိစ္စတစ်ခုလုံးကနေ ဘာအကျိုးအမြတ်မှ ရမှာမဟုတ်ဘူး"

"ရှင် ရူးနေတာလား ယွမ်ငါးထောင်အတွက် လက်ဗွေရာ စစ်ပြီး အမှုဖွင့်ချင်တာလား" နီမြောင်က သွေးပျက်သွားသည်။

"ကျွန်မ ဘာအမှုမှမစွဲတော့ဘူး ဟုတ်ပြီလား ကျွန်မပဲ အရှုံးခံလိုက်တော့

မယ်"

"အရှုံးခံမယ်တဲ့လား" ချွန်ကျွင်းထင်က ဟာသတစ်ခုကို ကြားလိုက်ရသည့် ဟန်ရယ်နေသည်။

"မင်းက အခုအခြေအနေကို နားလည်တယ်လို့ မထင်ဘူး၊ မင်းက ငါတို့ကို လွှတ်ပေးတဲ့ အကြောင်းမဟုတ်ဘူး အဲအစား ငါက ငါ့ရည်းစားကို မင်း လုပ်ဇာတ်ခင်းတဲ့အတွက် တရားစွဲတဲ့အကြောင်းပဲ၊ ယွမ်၅ထောင်က ဘာမှ မဟုတ်ပေမဲ့ မင်းဂုဏ်သိက္ခာကိုတော့ ၅ထောင်နဲ့ ဝယ်မရဘူး၊ လက်ဖွေ့ရာ စစ်ဆေးမှုအတွက်ကတော့ ငါတို့လုပ်ဖို့မလိုပါဘူး ဘာလို့လဲဆိုတော့ မင်း တို့ကို နာမည်ပျက်အောင်လုပ်လို့ရမဲ့ သက်သေတွေ အလုံအလောက် ရှိနေ ပြီ မင်းမိဘတွေကို ဆက်သွယ်ဖို့မမေ့နဲ့ မကြာခင် တရားရုံးဆင့်ခေါ်ခံရလိမ့် မယ်"

"ဟင့်အင်း ကျေးဇူးပြုပြီး မလုပ်ပါနဲ့" ဟဲ့ရယ်ဝီက မတိတ်နိုင်တော့ဘဲ မျက်ရည်များ တစ်ရှိန်ထိုးစီးကျလာသည်။

"ကျွန်မလိမ်ခဲ့တယ်ဆိုတာ ဝန်ခံပါတယ် ကျွန်မ တကယ်ဘာမှမမြင်ခဲ့ပါ ဘူး နီမြောင်က လော့စန်း ရေချိုးနေတုန်း လော့စန်းပိုက်ဆံအိတ်ထဲ ပိုက်ဆံ ကို ထည့်ခဲ့တာပါ၊ သူမက ထန်နင်းလို့ခေါ်တဲ့ အခန်းဖော်တွေထဲကတစ် ယောက်ရဲ့ လော့စန်းအဆောင်သော့ကို ဟိုးတလောက ခိုးခဲ့တာပါ..."

"ဟဲ့ရယ်ဝီ နင်ငါ့ကို ချောက်ချဖို့မကြိုးစားနဲ့"

နီမြောင်က အော်လိုက်သည်။

"ငါ ဘယ်တုန်းက အဲလိုလုပ်လို့လဲ"

"ငါ့ကို လိမ်ဖို့ နင်ပြောတာလေ လော့စန်းက ခရစ္စမတ်ရှိုးကို အစီစဉ်မှူး လုပ်ရမှာမို့ နင်မနာလိုတာလေ၊ သူက ပရော်ဖက်ဆာလီနဲ့တောင် အိပ်ခဲ့

လောက်တယ်လို့ နင်ပြောတာလေ ဒါကြောင့် သူရွေးခံရတာဆိုပြီး...ငါတို့ ဌာနက ကောင်လေးတွေကလည်း သူမ သူတို့နဲ့ နေ့တိုင်းကလူနေလို့ ထောက်ခံချက်ပေးတာဆိုပြီး နင်ပြောတာပဲ...ငါကြိုက်တဲ့ကောင်လေးက သူ့ကိုကြိုက်နေလို့ ငါလည်း လော့စန်းကို မနာလိုဖြစ်ခဲ့တယ်၊ ငါအရမ်းမှား သွားခဲ့တယ်၊ ငါထင်ခဲ့တာက တခြားသူတွေသူမကို သူခိုးလို့မြင်ရင် သူကငါ့ကို သဘောကျလောက်တယ်ဆိုပြီး တွေးခဲ့တာ"

ဟဲ့ရယီကငိုရင်းပြောသည်။

"လော့စန်း ငါ့ကိုခွင့်လွှတ်ပေးပါ တရားမစွဲပါနဲ့နော်၊ ငါကောလိပ်ရောက်ဖို့ အများကြီးကြိုးစားခဲ့ရတာ နောက်နှစ်ဆိုငါဘွဲ့ရတော့မယ် နင်သာတရားစွဲရင် ငါ့ဘဝပျက်ရလိမ့်မယ်"

***

# အခန်း ၁၆၂
# ဟဲလို ယောက်မလေး ငါ့အစ်ကိုရဲ့ ပင်လယ်စားပြပေါ်က ကြိုဆိုပါတယ်

"နင်က ငါ့အနာဂတ်နဲ့ စာသင်ယူမှုတွေက ဘယ်လိုဖြစ်သွားမလဲတော့ ထည့်မစဉ်းစားခဲ့ဘူးလေ"

လော့စန်းက အေးတိအေးစက်ဆိုလိုက်သည်။

"တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်" ဟဲ့ရယီက သွေးပျက်ပြီး အပြင်းအထန် တောင်းပန်နေသည်။

"နင်ငါ့ကို တရားမစွဲသရွေ့ နင်ဘာခိုင်းခိုင်းလုပ်ပေးပါ့မယ်"

"မင်း ဘယ်သူ့ကိုသဘောကျနေတာလဲ" ချန်ကျွင်းထင်က ရုတ်တရက် ဝင်ဖြတ်မေးလာသည်။

လော့စန်းက ဆွံ့အသွားလေသည်။

"အဲဒါနဲ့ တကယ့်ကိစ္စမဆိုင်ဘူးလေ ဟုတ်ပြီနော်"

"ကိုယ့်အတွက်တော့ အရေးကြီးတယ်"

ချန်ကျွင်းထင်က သူမကိုတစ်ချက်ကြည့်လိုက်ချိန် အကြည့်ချင်းဆုံမိသွားတော့ လော့စန်း ရင်ခုန်သွားသည်။

"ကျွန်မတို့ဥာနက ဟွမ်ချင်းယန်ပါ" ဟဲ့ရယီက အလျင်အမြန်ဖြေလာလေသည်။

"ဘယ်လိုအပေါစား နာမည်လဲ"

ချွန်ကျွင်းထင်ကမှတ်ချက်ပြုလိုက်၏။

လာစမ်းပါ...ပရော်ဖက်ရှင်နယ်ကျစမ်းပါ။

လော့စန်း အတွေးပေါက်သွားသည်။

ချွန်ရှီးက လည်ချောင်းရှင်းလိုက်သည်။

"အဲဆိုဒါရိုက်တာရှို ဒီကိစ္စအောက်ခြေထိ ကျွန်မတို့သိရပြီပဲ စုံစမ်းမေးမြန်းဖို့အတွက် နီမြောင်နဲ့ဟဲ့ရယ်ီကို ခေါ်သွားရပါမယ်"

"အရာရှိတို့ကို ဒုက္ခပေးမိပြီ...ကျုပ်တို့ မင်းတို့ကြောင့်သာ မဟုတ်ရင် လော့စန်းကို အပြစ်ပြုမိပြီ၊ မင်းတို့ ၂ယောက်က ကျောင်းအတွက် အရှက်ရစရာပဲ ဘယ်လိုလုပ် လိုချင်တဲ့အရာကိုရဖို့ ဒီလောက်ညံ့ဖျင်းတဲ့နည်းလမ်းတွေသုံးရတာလဲ စာကို သေချာလေ့လာကြိုးစားမဲ့အစား...အထူးသဖြင့်နီမြောင်ပဲ၊ ဒီအဖြစ်အပျက်က မင်းရဲ့ ဆိုးရွားတဲ့ ကိုယ်ကျင့်တရားကို ထင်ဟပ်စေတယ်၊ ငါတို့ မင်းကို ကျောင်းထုတ်ရလိမ့်မယ် ဟဲ့ရယ်ီအတွက် ကတော့..."

ဒါရိုက်တာရှိုက မိန်းကလေး ၂ယောက်ကို ရှုတ်ချနေသည်။

"ဟဲ့ရယ်ီက ထွက်ဆိုချက်အမှားလုပ်ခဲ့ပေမဲ့ သူက အမှားတွေကို ပွင့်ပွင့်လင်းလင်း ဝန်ခံတယ်၊ သူ့ကိုကျောင်းထုတ်ဖို့လိုတယ်တော့ မထင်ပါဘူး ရဲတွေကိုပဲ သူတို့နဲ့ ဆိုင်သလိုရှင်းပါစေတော့"

လော့စန်းက ပြောလိုက်သည်။

"နင်က မကောင်းတဲ့ မိန်းမနဲ့မတူဘူး ငါနင့်ကို တစ်လခွဲ ချုပ်ထားမယ်"

ချွန်ရှီးက လက်ထိပ်တစ်စုံကို ထုတ်ပြီး နီမြောင့်လက်ကောက်ဝတ်ကို ဖျတ်ခနဲပတ်လိုက်သည်။

"နင်တို့၂ယောက် ငါနဲ့အတူ စခန်းလိုက်ခဲ့"

"ဟင့်အင်း ကျေးဇူးပြုပြီး ကျွန်မကို ကျောင်းမထုတ်ပါနဲ့ တောင်းပန်ပါတယ်၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ"

နီမြောင်က သွေးရူးသွေးတန်းငိုနေပြီး လော့စန်း၏ လက်များကို ပြင်းပြင်းထန်ထန် ဖမ်းဆုပ်လိုက်လေသည်။

သူမ လော့စန်းဆီ မရောက်နိုင်သေးခင်မှာပင် လက်ကြီးတစ်ဖက်က သူမကို လမ်းတစ်ဝက်တွင် ကြားဖြတ်ပြီး ချန်ရှီးဆီတွန်းကာ ချန်ကျွင်းထင်က သတိပေးလာ၏။

"မင်းရဲ့ အွန်လိုင်းပို့စ်တွေက သူ့ဘဝကိုဖျက်ဆီးပစ်ဖို့ လုပ်ခဲ့တာလေ၊ အဲဒါကို မင်းက သူခွင့်လွှတ်တာလိုချင်နေတာလား"

"လာပါ သွားကြစို့ နင်က ကျောင်းမှာတောင် ဒီလိုပြုမူနေပြီ ဘွဲ့ရလို့ အလုပ်ခွင်ထဲဝင်ရတဲ့အခါ ဘယ်လိုဆိုးယုတ်မှုတွေ လုပ်မှာလဲ"

ချန်ရှီးနှင့် တုကျန့်က သူတို့ကို ကားဆီခေါ်ဆောင်သွားသည်။ မပြန်ခင် ချန်ရှီးက လော့စန်းဆီခြေလှမ်းမကြွတကြွလှမ်းလာကာ တီးတိုးဆိုသည်။

"ဟဲလို ယောက်မလေး ငါ့အစ်ကိုရဲ့ ပင်လယ်ဓားပြပေါ်က ကြိုဆိုပါတယ်"

လော့စန်းက ကြက်သီးထသွားသည်။

ချန်ရှီးပြောစရာမလိုအောင်ကို ဒီအခြေအနေကနေ သူမ ထွက်ရန် အခက်အခဲရှိမည်ဆိုတာ သိပြီးသားပင်။

"ဒါရိုက်တာရှို ခင်ဗျား ဒီမှာဖြစ်ခဲ့တဲ့ အဖြစ်မှန်ကို တစ်ကျောင်းလုံးဆီ ကြေညာပေးနိုင်မယ် မျှော်လင့်ပါတယ် လော့စန်းကို သူ့နာမည်ရှင်းပေးဖို့ ကူညီပေးပါ"

ချန်ကျွင်းထင်က လေးနက်စွာဆိုလေ၏။

"ဒါပေါ့ မစိုးရိမ်ပါနဲ့"

ဒါရိုက်တာရှီမှာ သူ၏ လွှမ်းမိုးနိုင်စွမ်းရှိသော အငွေ့အသက်၏ အလွှမ်းမိုး ခံရလေသည်။

"ကျုပ် အကြံဥာဏ်တစ်ခုလည်းပေးချင်တယ်"

ချန်ကျွင်းထင်က သူတို့အပေါ်မှ မျက်နှာကျက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ခင်ဗျားတို့ ကော်ရစ်တာတစ်လျှောက် စီစီတီဗွီတပ်သင့်တယ်ထင်တာပဲ ဒီအဆောက်အဦကို ဝင်ထွက်နေတဲ့ လူတွေအများကြီးရှိတယ်၊ ပြီးတော့ ကော်ရစ်တာတစ်လျှောက် ခင်ဗျားတို့ကင်မရာတပ်ထားရင် ဒီနေ့လို အဖြစ်အပျက်မျိုး ဖြစ်လောက်မှာမဟုတ်ဘူး"

"ကျုပ်တို့ မိန်းကလေးတွေရဲ့ ကိုယ်ရေးကိုယ်တာအတွက် ကင်မရာတွေ မတပ်ခဲ့တာပါ၊ ဒီနေ့လို အဖြစ်အပျက်ဖြစ်မယ်လည်း မထင်ထားဘူးလေ ဒါပေမဲ့ မင်းရဲ့ တုံ့ပြန်ချက်ကို ကျောင်းစီမံခန့်ခွဲရေးဆီပြန်ပို့ပေးပါ့မယ်"

"ကျေးဇူးပါ" ချန်ကျွင်းထင်က လေသံအတက်အကျမရှိ ဆိုလေ၏။

"ကိစ္စကအခုပြီးသွားပြီဆိုတော့ မင်း အရင် အမျိုးသမီးအဆောင်ကနေ ထွက်သင့်ပါတယ်၊ ဒီနေ့ ထူးခြားတဲ့အခြေအနေတွေကြောင့်သာမဟုတ်ရင် ပုံမှန်ဆို ယောကျ်ားလေးတွေက ဒီအဆောက်အဦထဲ ဝင်ခွင့်မရှိဘူး" ဒါရိုက်တာရှီကအပြုံးတစ်ခုနှင့် ပြောရင်း သူကိုယ်တိုင် လှုပ်လာလေသည်။

"သွားရအောင် လိုက်ပို့ပေးမယ်"

လော့စန်းက ပြောပြီး ဟိုဟိုဒီဒီကြည့်လိုက်သည်။ တနင်္လာနေ့ဖြစ်၍ ကျောင်းသားအများစုမှာ အတန်းတက်နေကြသည်။ အိမ်ထိန်းအဒေါ်ကြီးက စည်းကမ်းတင်းကြပ်သည့် အမျိုးသမီးကြီးမှန်း သူမသိသည်။

***